<u>အလွတ်သဘောဘာသာပြန်ဆိုချက်</u>

## ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်မြို့၌ အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားခဲ့ခြင်းအပေါ် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သတင်းထုတ်ပြန်ချက်
## (၂၃-၃-၂၀၁၆)

အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ၂၀၁၆ ခုနှစ် ၊မတ်လ ၂၂ ရက်နေ့တွင် ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်မြို့၌ အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည့်အတွက် ပြည်သူများ သေကြေ၊ ထိခိုက်၊ဒဏ်ရာရမှုများ၊ ပိုင်ဆိုင်မှုများ ပျက်စီးဆုံးရှုံးမှုများဖြစ်ပွားခဲ့ခြင်း အပေါ်ပြင်းထန်စွာ ပြစ်တင်ရှုတ်ချပါသည်။

အာဆီယံအနေဖြင့် ဘယ်လ်ဂျီယံအစိုးရနှင့် ပြည်သူများအကြမ်းဖက်တိုက်ခံရမှုများကြောင့် ထိခိုက်ခဲ့ရသည့် သူများ၏မိသားစုဝင်များနှင့် အတူထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

အာဆီယံအနေဖြင့်နိုင်ငံအတွင်း ပုံမှန်အခြေအနေသို့အမြန်ပြန်ရောက်ရှိစေရန် ဘယ်လ်ဂျီယံ အားထုတ်ကြိုးပမ်းမှုများနှင့် အကြမ်းဖက်ပြစ်မှုကျူးလွန်သူများကို တရားစီရင်နိုင်ရေးတို့တွင် ဘယ်လ်ဂျီယံ အစိုးရကို အပြည့်အဝထောက်ခံပါသည်။

အာဆီယံအနေဖြင့် မည်သည့်နေရာ၊ မည်သည့်အချိန်တွင်မည်သူက ကျူးလွန်စေကာမူ ပုံစံအမျိုးမျိုးဖြင့် ဖြစ်ပေါ်နေသည့် အကြမ်းဖက်မှုကို တိုက်ဖျက်ရေးအတွက် နိုင်ငံတကာ အသိုက်အဝိုင်းနှင့် နီးကပ်စွာ ပူးပေါင်း ဆောင်ရွက်ရန် ထပ်လောင်းကတိပြုပါသည်။